# မာတိကာ


မိတ်ဆက် ၁

၁။ နိဒါန်း ၃

စာအုပ်တစ်အုပ်လုံးတွင် အခန်းတစ်ခန်းချင်းအလိုက် ဖော်ပြထားသော အကြောင်းအရာများကို အကျဉ်းချုပ် တင်ပြထားသည်။

၂။ ရုပ်ရှင်ဆန်သော မိသားစုဘဝ ၁၃

မွေးဖွားသည်မှ တပ်မတော် စစ်တက္ကသိုလ်ရောက်သည်အထိ ဘဝကို အဓိကထား တင်ပြထားသည်။ သို့သော် ဘဝဇာတ်လမ်းအစဉ်ကို ငယ်ရာမှ ကြီးရာသို့ တောက်လျှောက် အစဉ်လိုက် ဖော်ပြခြင်းမဟုတ်ဘဲ ဆန်းကြယ်သော မိသားစုဘဝကို အကြောင်းအရာအလိုက် အလှည့်သင့်သလို ဖော်ပြထားသည်။ အမြွှာညီအစ်ကိုနှစ်ယောက် အသက်ကြီးမှ ပြန်၍ တွေ့သည်၊ မိခင်အရင်းဖြစ်သူနှင့် ပြန်လည်တွေ့ဆုံသည်အထိ ပါဝင်သည်။

၃။ တပ်မတော်သားဘဝ ၃၉

စစ်တက္ကသိုလ်တက်သည်မှ တပ်မမှူးဘဝအထိ ဘဝကိုအဓိကထားတင်ပြထားသည်။ ဖြစ်စဉ်တစ်ရာချင်းကို အကြောင်းအရာ ခေါင်းစဉ်ငယ်များ ခွဲခြားပြီး တင်ပြထားသည်။ အရပ်ဘက်ဆိုင်ရာ တွဲဖက်တာဝန်များ၊ ဥပမာ မီးရထားလမ်း ဖောက်လုပ်ရေးကဲ့သို့သော မှတ်မှတ်ရရ လုပ်ဆောင်ချက်များကို ဖော်ပြထားသည်။

၄။ ဒေသတွင်းခေါင်းဆောင် ၁၈၃

အနောက်မြောက်တိုင်း စစ်ဌာနချုပ်၊ တိုင်းမှူးဘဝတစ်လျှောက် လုပ်ဆောင်ချက်များကို အသေးစိတ် တင်ပြထားသည်။ ရပ်ရွာအုပ်ချုပ်ရေး၊ ပညာရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တပ်မတော်သားတစ်ယောက်၏ သဘာဝနှင့်အတူ အုပ်ချုပ်ရေးခေါင်းဆောင်တစ်ယောက်၏ အမြင်အတွေးများဖြင့် စီမံဆောင်ရွက်ခဲ့ပုံကို ဖော်ပြထားသည်။

၅။ ရိုးရှင်းသော မိသားစုဘဝ တည်ဆောက်ခြင်း ၂၉၁

သမီးရည်းစားဘဝမှသည် အိမ်ထောင်သည်ဘဝအထိ ပြောင်းလဲလာမှု၊ သားသမီးများ ပွားစီးမှု၊ သားသမီးများအရေး၊ အိမ်ထောင်အရေး တာဝန်ယူမှု၊ တာဝန်ဝတ္တရားတို့နှင့် ပတ်သက်သော ခံယူချက်၊ ရပ်တည်ချက်နှင့် မိသားစုဘဝ တည်ဆောက်ပုံများကို ဖော်ပြထားသည်။ အထူးသဖြင့် ရိုးရှင်းပြီး အေးချမ်းသော မိသားစုဘဝအတွက် ကြိုးပမ်းခဲ့ရပုံကို ဖော်ပြထားသည်။

၆။ ကြုံရဆုံရ အရေးအခင်းများ ၃၃၃

တပ်တွင်း တာဝန်အဆင့်ဆင့် တာဝန်ယူရစဉ်တွင်ရော၊ အရပ်ဘက်တာဝန် ယူရစဉ်တွင်ပါ တွေ့ကြုံရသောအခက်အခဲများ၊ တာဝန်ယူမှုကို စိန်ခေါ်လာသော ပြဿနာများကို အကြောင်းအရာ တစ်ခုချင်းအလိုက် ဖော်ပြထားသည်။ အရေးအခင်းများ၊ ဆူပူမှုများနှင့် အဓိကရုဏ်းများ၊ လူထုအရေးအရာကိစ္စများတွင် ပါဝင်ဖြေရှင်းခဲ့ပုံများကို သီးခြား အခန်းတစ်ခန်းအဖြစ် ဖော်ပြထားသည်။

၇။ နိုင်ငံရေးသမားတစ်ပိုင်း၊ စစ်သားတစ်ပိုင်း ၃၇၅

တိုင်းမှူးကဲ့သို့သော ဒေသတွင်းခေါင်းဆောင်အဖြစ်မှ စစ်ဘက် လေကြောင်းရန် ကာကွယ်ရေး တပ်ဖွဲ့သို့ ပြောင်းရွှေ့ တာဝန်ယူပြီးသည်မှ အတွင်းရေးမှူး (၁) တာဝန် ထမ်းဆောင်သည့် ကာလအပိုင်းအခြားကို အဓိကထား တင်ပြထားသည်။ အသစ်တိုးချဲ့သော စစ်ဘက်တာဝန်များကို တာဝန်ယူ အကောင်အထည်ဖော်နေစဉ်မှာပင် နိုင်ငံရေးတာဝန်ဖြစ်သော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဒုတိယဥက္ကဋ္ဌတာဝန်ယူပြီး နိုင်ငံရေးဘဝတည်ဆောက်ပုံ အကြောင်းများ ဖော်ပြထားသည်။

၈။ ခေတ်သစ်နိုင်ငံတော် တည်ဆောက်ရေး အုတ်မြစ်ချခြင်း ၃၉၇

ဝန်ကြီးချုပ်တာဝန် ထမ်းဆောင်သည့်ကာလကို အဓိကထား ဖော်ပြထားသည်။ နိုင်ငံတော်အကြီးအကဲက ပေးအပ်သော ကြီးလေးသည့်တာဝန်ကို ထမ်းဆောင်ရသည့် လုပ်ဆောင်ချက်များအကြောင်း ဖော်ပြထားသည်။ အစိုးရအဖွဲ့ ခေါင်းဆောင် တစ်ယောက်အဖြစ် သာမက နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် လိုအပ်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အခြေခံအဆောက်အအုံများကို ပြုပြင်တည်ဆောက်ရေးအတွက် အခြေခံမှစပြီး ပြုပြင် ပြောင်းလဲရန် ကြိုးပမ်းမှုများကို ဖော်ပြထားသည်။

၉။ ဆန်းကြယ်သော သံယောဇဉ် ၅၅၁

ညီအစ်ကိုနှစ်ယောက်အကြား ရှိတည်လာသော သံယောဇဉ်မှသည် ခံစားမှု၊ ရပ်တည်မှုနှင့် တစ်ယောက်နှင့်တစ်ယောက် ဖေးမမှုများကို ဖော်ပြထားသည်။ ကျန်းမာရေး ချို့ယွင်းသဖြင့် ဆေးရုံတက်ရသည်မှ နောက်ဆုံး ကွယ်လွန်သည်အထိ အဖြစ်အပျက်များကို အဓိကထား တင်ပြထားသည်။

နောက်ဆက်တွဲများ

၁။ အတ္ထုပ္ပတ္တိအကျဉ်းချုပ် ၅၇၅
၂။ စစ်တက္ကသိုလ် အပတ်စဉ် (၁၂) ကျောင်းဆင်း အရာရှိများစာရင်း ၅၇၇
၃။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (၁၉၈၈) ၅၈၄
၄။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (၁၉၉၇) ၅၈၅
၅။ ၁၉၉၇ တိုင်းမှူးအသစ်နှင့် အဟောင်းစာရင်း ၅၈၆
၆။ အစိုးရအဖွဲ့ဝင်စာရင်း (၂၀၀၄) ၅၈၇
၇။ ၁၉၉၇ မုံရွာ တိုင်းမှူးဘဝ ရယကများနှင့် တွေ့ဆုံစဉ်မိန့်ခွန်း ၅၈၉
၈။ အုပ်ချုပ်မှုကောင်းခြင်း မှတ်စု (ဦးအောင်မြတ်ကျော်၏ စာအုပ်) ၆၂၀
၉။ မြန်မာ့နိုင်ငံရေးဖြစ်စဉ်အကျဉ်း (၁၉၈၈–၂၀၀၈) ၆၂၅
၁၀။ ဆက်စပ် ဖတ်ရှုသင့်သော စာအုပ်များ ၆၆၁


# မမျှော်လင့်သော ခရီးရှည်

## မြင့်သူ



ခေတ်သစ် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် သမိုင်းတစ်ခု ရေးထိုးခဲ့ကြသူပေါင်း များစွာ ရှိပါသည်။ ဤစာအုပ်သည် နိုင်ငံတော် ဝန်ကြီးချုပ်အဖြစ် နှစ်နှစ်ကျော်ကာလ အပိုင်းအခြားကို တာဝန်ယူ ဆောင်ရွက်သွားခဲ့သော မြန်မာနိုင်ငံတော်၏ နဝမမြောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ အတ္ထုပ္ပတ္တိစာအုပ် ဖြစ်ပါသည်။

နိုင်ငံရေးသမား မိဘနှစ်ပါးမှ မွေးဖွားလာခဲ့ပြီး ကံကြမ္မာအလှည့်အပြောင်းနှင့် ကြုံတွေ့ခဲ့ရသော ညီအစ်ကိုနှစ်ယောက်၏ ဆန်းကြယ်သောဘဝမှသည် တပ်မတော်သားဘဝနှင့် တောက်လျှောက် တွဲစပ်လာသော နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် ဒီမိုကရေစီနိုင်ငံသစ် ထူထောင်ရေးအတွက် ထမ်းဆောင်ခဲ့ရသော တာဝန်များနှင့် အတွေ့အကြုံများကို တင်ပြထားပါသည်။

သာမန်တပ်မတော်သား၊ အရာရှိလောင်းဘဝမှသည် နိုင်ငံတော်ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်ခဲ့သည်အထိ ဖြတ်သန်းခဲ့ရာ ဘဝတစ်လျှောက် ရင်ဆိုင်ကြုံတွေ့ရသော ပြဿနာများနှင့် အောင်မြင်မှု ဆုံးရှုံးမှုများ၊ အနစ်နာခံမှုများ၊ စတေးခံရမှုများ၊ သက်စွန့်ဆံဖျား စွန့်လွှတ်စွန့်စားရမှုများကို ကဏ္ဍအလိုက် အသေးစိတ် ဖော်ပြထားသည်။

၁၉၈၇ ခုနှစ်မှ စတင်ပြောင်းလဲလာခဲ့သည့် မြန်မာ့နိုင်ငံရေးသမိုင်းဖြစ်စဉ်များကို ရက်စွဲအလိုက် နောက်ဆက်တွဲဖြင့် ဖော်ပြပေးထားသည်။